ကျပ် ၃၀၀ တန် တံဆိပ်ခေါင်း

# စာရင်းကိုင်အလုပ်သင် ပဋိညာဉ်စာချုပ်

(လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်ပြီး အလုပ်သင် ၂ နှစ်ပြည့်ပြီးသူ/
အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပြီးသူ/
လက်မှတ်ရပြည်သူ့စာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲ အောင်မြင်ပြီးသူ)

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ စာရင်းကိုင်အလုပ်သင်အစီအစဉ်အရ အလုပ်သင်ကြားပေးသည့် အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူ -------------------------------- (နောက်ပိုင်းတွင် "အလုပ်သင်ကြားပေးသူ" ဟုခေါ်မည်) နှင့် -------------------------------- (နောက်ပိုင်းတွင် "အလုပ်သင်" ဟုခေါ်မည်) တို့အကြား စာရင်းကိုင်အလုပ်သင် ပဋိညာဉ်စာချုပ်ကို ၂၀ ----- ခုနှစ်၊ ------------------- လ၊ ----နေ့ တွင် ချုပ်ဆိုကြပါသည်။

အောက်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်မည်ဟု ကတိကဝတ်ပြုပါသည်-

၁။ အလုပ်သင်က မိမိဆန္ဒအလျောက် အလုပ်သင်ကြားပေးသူထံ စာရင်းကိုင်အလုပ်သင်နေစဉ် ကာလအတွင်း အလုပ်သင်ကြားပေးသူနှင့် အလုပ်သင်တို့ လိုက်နာဆောင်ရွက်ရမည့် ပဋိညာဉ်စာချုပ် ဖြစ်သည်။

၂။ အလုပ်သင်ကြားရမည့်ကာလသည် သာမန်အားဖြင့် တစ်ဆက်တည်း ၆ လ / ၁ နှစ် / ၃ နှစ် ဖြစ်သည့် ---------------------- မှ ------------------------ အထိဖြစ်သည်။

၃။ အလုပ်သင်က လိုက်နာရမည့်စည်းကမ်းချက်များ-

(က) အလုပ်သင်ကာလတလျှောက်လုံး အလုပ်သင်ကြားပေးသူထံ ( မိမိအလုပ်သင်ကြားနေသည့် အလုပ်ဌာန ) တွင် ကြိုးကြိုးစားစားနှင့် သစ္စာရှိရှိ ဆောင်ရွက်ရမည်။

(ခ) အလုပ်သင်ကာလတလျှောက်လုံး အလုပ်သင်သည် လက်တွေ့အလုပ်သင်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာရုံးမှ စာအုပ်များ၊ စာရွက်စာတမ်းများ၊ ငွေများ၊ပစ္စည်းကိရိယာများ စသည်တို့ကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း၊ မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ မိတ္တူကူးယူခြင်း၊ ယူဆောင်သွားခြင်းမပြုလုပ်ရ။

(ဂ) အလုပ်သင်ကာလတလျှောက်လုံး အလုပ်သင်ကြားပေးသူ၊ အလုပ်သင်ကြားပေးသူ၏ အဖွဲ့အစည်းနှင့် အလုပ်အပ်နှံသူများ၏ အမည်၊ အကြောင်းအရာနှင့် သတင်းစသည့် လျှို့ဝှက်ချက်များကို ပြင်ပသို့ ပေါက်ကြားမှုမရှိစေရန် ဆောင်ရွက်ရမည်။

(ဃ) အလုပ်သင်ကာလတလျှောက်လုံး အလုပ်သင်ကြားပေးသူ၏ သင်ကြားမှုနှင့်ပတ်သက်သည့် တာဝန်ပေးအပ်မှုများကို လိုလားစွာနှင့် သစ္စာရှိစွာ ထမ်းဆောင်ရန်အမြဲ အသင့်ရှိနေပါမည်။

(င) အလုပ်သင်ကြားပေးသူ၏ သဘောတူညီချက်မပါဘဲ တာဝန်မှပျက်ကွက်ခြင်း၊ သွေဖယ်ခြင်းများ မပြုလုပ်ပါ။

(စ) အလုပ်သင်ကာလအတွင်း အလုပ်သင်ကြားခြင်းနှင့်ဆိုင်သည့်လုပ်ငန်းကိုသာ အချိန်ပြည့် ထမ်းဆောင်ရမည်။

(ဆ) အလုပ်သင်၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မှားယွင်းမှုကြောင့်ဖြစ်စေ၊ အလုပ်သင်ကြားပေးသူ အနေဖြင့် ဆုံးရှုံးမှု၊ နစ်နာမှုဖြစ်ပေါ်ခဲ့ပါက အပြည့်အဝတာဝန်ယူပါမည်။

(ဇ) အလုပ်သင်ကြားပေးသူ ( မိမိအလုပ်သင်ကြားနေသည့်အလုပ်ဌာန ) ကချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၄။ အလုပ်သင်ကြားပေးသူက လိုက်နာရမည့်စည်းကမ်းများ-

(က) အလုပ်သင်ကြားပေးသူသည် အလုပ်သင်အား စာရင်းပညာရပ်နှင့်ဆိုင်သည့် စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်းပညာ၊ အသိပညာ၊ ဗဟုသုတများကို တတ်စွမ်းသမျှ သင်ကြားပြသပေးရမည်။

(ခ) အလုပ်သင်ကြားပေးသူသည် အလုပ်သင်အား အနည်းဆုံး လစာငွေ ကျပ် ၁၈၀,၀၀၀ (ကျပ်တစ်သိန်းရှစ်သောင်းတိတိ)ကို ခံစားခွင့်ပြုရမည်။

(ဂ) အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ PAPP အဖြစ်မှ ရပ်နားလျှင်သော်လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ PAPPအဖြစ်မှ ပယ်ဖျက်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားကိစ္စရပ်တစ်ခုခုကြောင့်သော်လည်းကောင်း၊ အလုပ်သင်ကြားပေးခြင်း မပြုလုပ်နိုင်တော့ခြင်း သို့မဟုတ် အလုပ်သင်ကာလ ပြည့်မြောက်အောင် သင်ကြားပေးနိုင်ခြင်းမရှိပါက အလုပ်သင်ကြားပေးသူကိုယ်တိုင်ဖြစ်စေ၊ အလုပ်သင်ကြားပေးသူ၏ ကိုယ်စားလှယ်မှဖြစ်စေ လက်ခံထားသည့် စာရင်းကိုင် အလုပ်သင်များကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှတစ်ဆင့် စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီသို့ တရားဝင်စာဖြင့် ပြန်လည်အပ်နှံရမည်။

(ဃ) အလုပ်သင်ကြားပေးသူသည် အလုပ်သင်အား အောက်ပါခွင့်များ ခွင့်ပြုရမည်-

(၁) အလုပ်သင်ကာလ (၁၂) လ လျှင်၊ ရှောင်တခင်ခွင့် (၁၀) ရက်၊

(၂) ဆောင်ရွက်ပြီး အလုပ်သင်လုပ်သက်၏ ၁၁ ပုံ ၁ ပုံ နှုန်းထက်မများဘဲ လုပ်သက်ခံစားခွင့်၊

(၃) နာမကျန်းဖြစ်ခဲ့လျှင် သက်ဆိုင်ရာ ဆေးလက်မှတ် အထောက်အထားများဖြင့် အလုပ်သင်ဆောင်ရွက်ပြီးသည့် အလုပ်သင်လုပ်သက်၏ ၁၁ ပုံ ၁ ပုံ နှုန်းထက် မများဘဲ ဆေးခွင့် (ခံစားခွင့်ရှိသည့်ကာလထက် ကျော်လွန်ပါက လစာမဲ့ခွင့်အဖြစ် သတ်မှတ်မည်၊)

(၄) ခိုင်လုံသောအကြောင်းပြချက်ရှိပါက တစ်နှစ်လျှင်လစာမဲ့ခွင့် (၁) လ၊ အလုပ်သင်ကြားပေးသူက ခွင့်ပြုပါက အများဆုံး (၃) လအထိ၊

(၅) စာရင်းကိုင်အလုပ်သင် အမျိုးသမီးများအတွက် မီးဖွားခွင့်၊ သားပျက်သားလျှောခွင့် တို့အတွက် သက်ဆိုင်ရာဆေးထောက်ခံစာဖြင့် အလုပ်သင်ကြားပေးသူမှ ခွင့်ပြုသည့် ကာလ

(င) အလုပ်သင်အားလုံး အထက်အပိုဒ်ခွဲ (ဃ) (၁) ပါ ရှောင်တခင်ခွင့်ခံစားခြင်းမှအပ ကျန် ခံစားခဲ့သည့်ခွင့်အားလုံးကို အလုပ်သင်လုပ်သက်အဖြစ် ထည့်သွင်းရေတွက်မည်မဟုတ်ပါ။

၅။ အောက်ပါအသိသက်သေများရှေ့မှောက်တွင် အလုပ်သင်ကြားပေးသူနှင့် အလုပ်သင်တို့ လက်မှတ်ရေးထိုးပါသည်-

| **အလုပ်သင်ကြားပေးသူ** | **အလုပ်သင်** |
|---|---|
| လက်မှတ် ………………………........... | လက်မှတ် ……………………….......... |
| အမည် ………………………............. | အမည် ………………………............ |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် ……….... | နိုင်ငံသားစိစစ်ရေးကတ်အမှတ် ……….... |
| ……………………………………….. | ………………………………………... |
| PAPP No ………………………………. | ကိုယ်ပိုင်အမှတ် ……………………... |
| ရုံးလိပ်စာ……………………………. | ဆက်သွယ်ရန်လိပ်စာ ……………....... |
| ……………………………………….. | ………………………………………. |
| ………………………………………... | ……………………………………... |

**အသိသက်သေများ**

လက်မှတ် ……………………………….

အမည် ………………………………….

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ……….

……………………………………………

နေရပ်လိပ်စာ ……………………………

………………………………………..

……………………………………….

လက်မှတ် ………………………………

အမည် ………………………………….

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ……….

…………………………………………….

နေရပ်လိပ်စာ …………………………..

……………………………….............

……………………………….............